# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

# တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် ဒေသအကျိုးကို အတူတကွဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နယ်မြေခံလေတပ်စခန်းဌာနချုပ်၊ သူရအုန်းခိုင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**


ယနေ့ *ဖတ် စ ရာ*

**ငြိမ်းချမ်းခြင်းရဲ့အရသာ ပြန်လည်ဖွေရှာ** — ဆောင်းပါး | စာ ၁၀

**စားသုံးဆီကြောင့် ဘေးမဖြစ်စေလို** — ဆောင်းပါး | စာ ၁၁

**အီရန်နိုင်ငံ၏ နောက်ထပ်တိုးချဲ့မည့် ဈူကလီးယားအစီအစဉ်ကို ပြစ်တင်ရှုတ်ချကြောင်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ ပူးတွဲကြေညာချက်ထုတ်ပြန်** — နိုင်ငံတကာသတင်း | စာ ၁၃




**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** — ပြည်တွင်းသတင်း | စာ ၁၅





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

☆ **တပ်မတော်အတွင်းသို့ စတင်ဝင်ရောက်စဉ်ကတည်းကပင် အဆင့်အလိုက် ရှိသင့်ရှိထိုက်သည့် စစ်အတတ်ပညာရပ်များ ရရှိစေရေး သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပြီးဖြစ်သဖြင့် မိမိတို့သင်ကြား တတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရမည်ဖြစ်**

☆ **လေ့ကျင့်ပေးထားသည့် စစ်အတတ်ပညာများကို အသုံးချ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးလာသူများ၏ အန္တရာယ်ကို ခုခံကာကွယ်နိုင်ရန်နှင့် တိုက်ခိုက်ချေမှုန်းနိုင်ရန်လို**

☆ **လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် အမြဲမပြတ်ဆောင်ရွက်နေမည်ဆိုပါက လက်တွေ့စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ရာ၌ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်မည်**

### သမိုင်းအစဉ်အလာကောင်းများနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတွင် တာဝန်ထမ်းဆောင်နေကြရသူများဖြစ်

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာ၌ မိတ္ထီလာဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များကို ဆွေးနွေးပြောကြားနိုင်ရန် လာရောက်စဉ် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိတ္ထီလာဒေသအနေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းတွင်ရှိပြီး လမ်းပန်းဆက်သွယ်မှုတွင် အချက်အချာကျသည့် ထူးခြားသည့်ဒေသတစ်ခု ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနှံ့သို့သွားရောက်နိုင်သည့် လမ်းဆုံနေရာဖြစ်သည့် အတွက် အသွားအလာများပြားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်စွာဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများ ပြည့်စုံစွာရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာကို ဗဟိုပြု၍ စံပြုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်နှင့် အင်္ဂလိပ်တို့ မိတ္ထီလာလွင်ပြင်၌ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး မိတ္ထီလာတိုက်ပွဲအဖြစ် နာမည်ကြီးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီး ပြည်တွင်းသောင်းကျန်းမှုကာလအတွင်း လက်နက်ကိုင်သောင်းကျန်းသူများကို မိတ္ထီလာလွင်ပြင်၌ မြန်မာ့တပ်မတော်က စစ်ဆင်တိုက်ခိုက်ခဲ့မှုသမိုင်းဖြစ်ရပ်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိတ္ထီလာတပ်နယ်တွင် တာဝန်ထမ်းဆောင်ရသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုများအနေဖြင့် ထူးခြားသည့် သမိုင်းကြောင်းအခြေအနေများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတွင်တာဝန်ထမ်းဆောင်နေကြရခြင်းဖြစ်ကြောင်း၊ မိတ္ထီလာတပ်နယ်တွင် လက်ရုံးတပ်များ ပြည့်စုံစွာတည်ရှိပြီး သမိုင်းကြောင်းအစဉ်အလာကောင်းသည့် တပ်နယ်တစ်ခုဖြစ်သဖြင့် အရာရှိ၊ စစ်သည်များ အနေဖြင့် ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

### နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့်အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များအနေဖြင့် ကွဲပြားခြားနားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသော်လည်း အားလုံးသည်တပ်မတော်သားများပင်ဖြစ်ကြောင်း၊ ရှေ့တန်းစစ်မြေပြင်တွင် ရှေ့တန်းကျကျ တာဝန်ထမ်းဆောင်ရသည့် ခြေလျင်၊ ခြေမြန်တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ၊ လက်ရုံး တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုရှိစေရေး လေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်အတွင်းသို့ စတင်ဝင်ရောက်စဉ်ကတည်းကပင် အဆင့်အလိုက် ရှိသင့်ရှိထိုက်သည့် စစ်အတတ်ပညာရပ်များ ရရှိစေရေး သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပြီးဖြစ်သဖြင့် မိမိတို့သင်ကြား တတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ပေးထားသည့် စစ်အတတ်ပညာများကို အသုံးချ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးလာသူများ၏ အန္တရာယ်ကို ခုခံကာကွယ်နိုင်ရန်နှင့် တိုက်ခိုက်ချေမှုန်းနိုင်ရန်လိုကြောင်း၊ လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက လက်တွေ့စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ရာ၌ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### တပ်တွင်း စည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ ဒေသအကျိုးကို အတူတကွဝိုင်းဝန်းဆောင်ရွက်

နယ်မြေခံတပ်များဖြစ်သဖြင့် မိတ္ထီလာဒေသ၏ သမိုင်းကြောင်း၊ ပတ်ဝန်းကျင်အကြောင်းနှင့် အလေ့အထများကိုသိရှိထားရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိ ရှိရန်လိုကြောင်း၊ တစ်ဦးချင်းစစ်ရေး သတိရှိရန်လိုသကဲ့သို့ လက်ရုံးတပ်ဖွဲ့များအနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင်နိုင်ရန်အတွက် အမြဲအသင့်ရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့် ပြည်သူတစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လိုကြောင်း၊ တပ်တွင်း၊ တပ်ပြင် အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်ပြီး ပြည်သူက လေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

### ပညာရေးအားပေးရန်နှင့် စာပေဖတ်မှတ် လေ့လာတတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်

မိတ္ထီလာဒေသတွင် ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ တစ်နေရာတည်းတွင် သင်ယူနိုင်မည့်အခွင့်အလမ်းကို အမိအရအသုံးချနိုင်ရန်လိုကြောင်း၊ **"ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝ တစ်သက်"** ဖြစ်ပြီး စာပေပညာနှင့် အသိပညာမရှိပါက ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများနှင့် ကြုံတွေ့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတများရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်လိုကြောင်း၊ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာ အတတ်ပညာ ကြွယ်ဝသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

### ကျန်းမာကြံ့ခိုင်သန်စွမ်းမှုရှိစေရေး အသိ၊ သတိနှင့် ယှဉ်၍ နေထိုင်စားသောက်ရန်လို

ကျန်းမာရေးနှင့်ပတ်သက်၍လည်း မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်သန်စွမ်းအောင် နေထိုင်စားသောက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လူ့သက်တမ်းသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် အသိ၊ သတိနှင့်ယှဉ်၍ နေထိုင်စားသောက်ရန်နှင့် မိမိအတွက် အကျိုးမရှိသည့် အသောက်အစား၊ အပျော်အပါးများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ ထို့ပြင် တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကိုလည်း ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကြောင့်

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မိတ္ထီလာတပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှု မရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

### သက်သာချောင်ချိရေးနှင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံဖြစ်စေရေး

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိသားစုဝင်များ၏ မီးဖိုချောင်စားရေးကို အထောက်အကူဖြစ်စေနိုင်သည့် သီးနှံများကို စိုက်ပျိုးခြင်းဖြင့် ပိုလျှံလာသည့်ငွေကြေးများကို အခြားနေရာများ၌ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို အဓိကထားဖြည့်ဆည်းပေးနိုင်ရန် လိုကြောင်း၊ ထို့ပြင် မိမိတို့တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှုအဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မိတ္ထီလာတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောင်းသားလူငယ်များကြား စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာစေရန် ကျောင်းစာကြည့်တိုက်အဆောက်အဦ ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ဘားအံ ဇွန် ၁၆**

ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ ငယ်နုစဉ်အရွယ်မှစ၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး စာကြည့်တိုက်ကို အသုံးပြု၍ စာပေဖတ်ရှုခြင်းမှသည် လူငယ်များအကြား စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာစေရန် ဇွန် ၁၆ ရက် နံနက်က ဘားအံမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက် အဆောက်အဦ (Library & Multimedia Building) ပန္နက်တင် မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အဦကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး (ကလဖ) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ Myanmar Imperial Vega Co.,Ltd မှထည့်ဝင် လှူဒါန်းငွေကျပ်သိန်း ၁၀၀ တို့ကို မတည်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားမိဘများနှင့် စေတနာရှင်အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး (၄၀ x၂၄ x၂၀) ပေ အာရ်စီအဆောက်အဦ အမျိုးအစားဖြစ်သည်။

ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌတို့ တက်ရောက်၍ မင်္ဂလာပန္နက်တော်များကို ရိုက်သွင်းပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ (ဓာတ်ပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြနန္ဒာမိုးလုံလေလုံအားကစား ခန်းမအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ဆင်ပေါင်ဝဲ ဇွန် ၁၆**

ဆင်ပေါင်ဝဲမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲအောင်တို့က တာဝန်ရှိသူများအားပျိုးပင်များ ပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ များကို ကျွန်း၊ တမာ၊ ငုဝါ၊ ခရေ၊ ပျဉ်းကတိုး၊ မဟော်ဂနီ စုစုပေါင်း ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# (၅) ကြိမ်မြောက် လန်ချန်း – မဲခေါင် ရုပ်သံသီတင်းပတ် အခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ

**နေပြည်တော် ဇွန် ၁၆**
တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့တွင် ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၅) ကြိမ်မြောက် လန်ချန်း–မဲခေါင် ရုပ်သံသီတင်းပတ် အခမ်းအနား ($5^{th}$ Lancang–Mekong Audiovisual Week) သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းမြို့ ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ရောက်ရှိကြရာ ယူနန်ပြည်နယ် ရေဒီယိုနှင့်ရုပ်သံစီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ရှိသူများက လာရောက်ကြိုဆိုခဲ့ကြသည်။

အဆိုပါ (၅) ကြိမ်မြောက် လန်ချန်း – မဲခေါင် ရုပ်သံသီတင်းပတ် အခမ်းအနားကို လန်ချန်း–မဲခေါင် ခြောက်နိုင်ငံအကြား ရုပ်သံထုတ်လွှင့်ခြင်း၊ ရုပ်သံနှင့် အွန်လိုင်း ရုပ်သံမီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ ပိုမိုတိုးမြှင့်လာစေရန်၊ တောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများအကြား ယဉ်ကျေးမှု ဆွေးနွေးပွဲများ တိုးမြှင့်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တရုတ်အမျိုးသား ရေဒီယိုနှင့် ရုပ်သံစီမံခန့်ခွဲရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့က ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနိုင်ရေး အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်များ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဇွန် ၁၆**
မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၄ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပနိုင်ရေး အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်များ ပထမအကြိမ် အစည်းအဝေး ($1^{st}$ Southeast Asian Games Federation (SEAGF) Meetings) သို့ တက်ရောက်ပြီး ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အားကစားနှင့်ကာယ ပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကော်မတီအဖွဲ့ဝင်များ လိုက်ပါသွားကြကြောင်းနှင့် အဆိုပါအဖွဲ့သည် ၂၀၂၄ ခုနှစ် ဇွန် ၁၄ ရက်တွင် The Signing Ceremony of the Host City Contract for the $33^{rd}$ SEA Games Thailand 2025 နှင့် $1^{st}$ SEAGF Council Meeting (Part–1)သို့ လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် SEAGF Anti – Doping Committee Meeting , SEAGF Medical Committee Meeting , SEAGF Sports and Rules Committee Meeting , SEAGF Women and Sports Committee Meeting , SEAGF Executive Committee Meeting နှင့် $1^{st}$ SEAGF Council Meeting (Part–2) တို့ကို တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) ရှိ လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**
ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် – ရန်ကုန်လမ်းပိုင်း)ပေါ်ရှိ လမ်းအသုံးပြုခကောက်ခံလျက်ရှိသည့် တိုးဂိတ်များကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စီလမ်းဆုံတိုးဂိတ်၌ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံနေမှု၊ CCTV တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ရေမီးရရှိမှုနှင့် တိုးဂိတ်ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယဝန်ကြီးက တိုးဂိတ်များ၌ လမ်းအသုံးပြုခ ကောက်ခံရာတွင် ယာဉ်စာရင်း အရေအတွက်နှင့် ကောက်ခံရရှိငွေ မှန်ကန်စွာ စာရင်းရေးသွင်းရေး၊ တိုးဂိတ်များအားလုံး CCTV တပ်ဆင်ထားပြီး ကွန်ပျူတာစနစ်ဖြင့် ကောက်ခံစေရေး၊ ကောက်ခံရရှိငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ တိုးဂိတ်ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ပြီး ဥပဓိရုပ်ကောင်းမွန်စေရေး၊ ကောက်ခံရရှိမှု စာရင်းဇယားများ ရေးသွင်းရာတွင် ရုံးချုပ်မှ သတ်မှတ်ထားသည့် ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်လမ်းပိုင်း)တစ်လျှောက်ရှိ တိုးဂိတ်များ ဖြစ်ကြသည့် တောင်ငူတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ ဒရယ်မီးတိုးဂိတ်၊ ဘောနက်ကြီး တိုးဂိတ်၊ အမှတ် (၃) လမ်းဆုံ တိုးဂိတ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❑ *ကျောဖုံးမှ*

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံညောင်ဦးဒေသကို အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှု ကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၂) သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ဖျောက်ဆိပ်၊ ရင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို၊ တမာ၊ ဒဟတ် စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာ ဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

# အထည်များရက်လုပ်ရာတွင် သုံးစွဲသူများ စိတ်ဝင်စားပြီး ဆွဲဆောင်မှုရှိမည့် အဆင်ဒီဇိုင်းများဖြစ်အောင် ဆောင်ရွက်ပြီး ဈေးကွက်ရရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်၍ ဈေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်



**နေပြည်တော် ဇွန် ၁၆**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိ စစ်ဆေးရာ ခရိုင်ဦးစီးဌာနမှူးက ဌာနမှ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာစက်မှုဇုန်၏ လက်ရှိအခြေအနေကို စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရေးအတွက် အချက်အလက်များကို ပြုစုတင်ပြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရိုင်ဦးစီးဌာနမှူးအနေဖြင့် အဓိကတာဝန်ယူဆောင်ရွက်ရမည်ဖြစ်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းများကို ဖတ်ရှုလေ့လာ မှတ်သား၍ အချင်းချင်း ပြန်လည်ဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့်လည်းကောင်း လေ့လာတွေ့ရှိချက်များကို တင်ပြဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိတ္ထီလာဒေသရှိ စက်မှုလုပ်ငန်းများ၊ MSMEများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက် ပိုမိုကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာစက်မှုဇုန်သို့ သွားရောက်၍ ဦးဇော်ဦး ဝါကြိတ်စက်နှင့် ဝါစေ့ဆီလုပ်ငန်း၊ ဟိန်းထက်ဇော် စက်ရက်ကန်းနှင့် အထည်ချုပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဝါအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရမည့် အချက်များကို အကြံပြုဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)သို့ ရောက်ရှိစစ်ဆေးပြီး **(ယာပုံ)** အထည်များရက်လုပ်ရာတွင် သုံးစွဲသူများ စိတ်ဝင်စားပြီး ဆွဲဆောင်မှုရှိမည့် အဆင်ဒီဇိုင်း များဖြစ်အောင် ဆောင်ရွက်ရန်၊ ဈေးကွက်ရရှိမှသာ ရေရှည်ရပ်တည် လည်ပတ်နိုင်မည်ဖြစ်၍ ဈေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ပြည်တွင်း ဝတ်ဆင်ရေးကဏ္ဍ ဖူလုံစေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများကို ကြိုတင်ဝယ်ယူထားရန်၊ စက်ရုံအနေဖြင့် ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံအတွင်း အထည်များ ရက်လုပ်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ရှိ မြသဇင်ချည်ချောလုံချည်လုပ်ငန်း၏ ဆိုလာစနစ်အသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှု၊ နန်းထိုက်တော်ဝင် အထည်စက်ရုံနှင့် မင်းရန်နိုင်ဝါကြိတ်စက်တို့တွင် အထည်များရက်လုပ်နေမှု၊ ဝါများကြိတ်ခွဲနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေး၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင်အအေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပြည်သူ့ဆေးရုံ မော်ဘီမြို့ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားများ တက်ရောက်



**နေပြည်တော် ဇွန် ၁၆**
မော်ဘီမြို့ပြည်သူ့ဆေးရုံ၏ နှစ်ထပ် ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က နှစ်ထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး**(အပေါ်ယာပုံ)**တက်ရောက်လာကြသူများက ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် ပြည်သူ့ဆေးရုံ မော်ဘီမြို့၏ နှစ်ထပ် ကုသဆောင်သစ်သည် ၁၆၈၀၀ စတုရန်းပေ အကျယ်အဝန်းရှိကာ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅၉ ဒသမ ၂၀၀ သန်း ကုန်ကျခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ အထူးအဖွဲ့ (၂)ကို လုပ်ငန်းအပ်နှံ၍ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၂၄ ခုနှစ် မတ် ၃၀ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း၊ အဆိုပါ အဆောက်အအုံ မြေညီထပ်တွင် အရေးပေါ် လူနာစမ်းသပ်ခန်း၊ ကိုယ်ဝန်ဆောင်မိခင်စောင့်ကြပ်ကြည့်ရှုခန်း၊ သားဖွားခန်း နှစ်ခန်း၊ မွေးပြီးလူနာ စောင့်ကြပ်ကြည့်ရှုခန်း၊ မွေးကင်းစကလေးလူနာ စောင့်ကြပ်ကြည့်ရှုခန်း၊ စတိုခန်း၊ ဆေးပေးခန်းတို့ပါဝင်ပြီး ပထမထပ်တွင် အမျိုးသမီးလူနာဆောင်များ၊ ကြပ်မတ်ကုသခန်း၊ ကလေးလူနာကုသခန်းတို့ ပါဝင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်ထပ်ဆေးကုသဆောင်သစ်တွင် လူနာများ အသုံးပြုရန်အတွက် လေအေးပေးစက်အလုံး ၂၀ ကို လှူဒါန်းရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောမြထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် နှစ်ထပ်ကုသဆောင်သစ် မြေညီထပ်တွင်ရှိသည့် သားဖွားခန်း နှစ်ခန်း၊ မွေးပြီးလူနာခန်း၊ မွေးကင်းစကလေးလူနာခန်း၊ ပထမထပ်ရှိအရေးပေါ်လူနာကြပ်မတ်ခန်း၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ခတ်မှန်ခန်း၊ ဆေးစတိုခန်းများကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက လူနာများ စိုက်ထုတ်ကုန်ကျရသည့် ဆေးကုသစရိတ် လျော့နည်းစေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးထားသော ဆေးဝါးများဖြင့် လူနာများအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်ကြရန်မှာကြားကာ ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများကို အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေး သိုလှောင်အအေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းတို့က ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေး သိုလှောင်အအေးခန်း သုံးထပ် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက် လာကြသူများက ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကာကွယ်ဆေး သိုလှောင် အအေးခန်း သုံးထပ် အဆောက်အအုံသစ် မြေညီထပ်တွင်ရှိသည့် အအေးခန်းများ အတွင်း ကာကွယ်ဆေးများ သိုလှောင်ထားရှိမှု၊ ဆက်စပ်ဆေးပစ္စည်းများ (Dry Stock) များ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ကာကွယ်ဆေးသိုလှောင် အအေးခန်း သုံးထပ်ဆောင်သစ်၏ အဆောက်အအုံ၊ ရေ၊ မီးတို့အတွက် ကုန်ကျစရိတ်သည် ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ် သိန်းပေါင်း ၇၀၈၇ သိန်းခန့် (အမေရိကန်ဒေါ်လာ – ၃၃၇၅၀၀)၊ ကျခံကာ GAVI အထောက်အပံ့ဖြင့် Ultra Company Ltd. မှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းအတွက် လိုအပ်သော ကာကွယ်ဆေး နှစ်လစာကို သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Ultra Company Ltd. မှ Managing Director ဦးဟိန်းထွန်းဦးက အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရန်ကုန် တိုင်းဒေသကြီး ကာကွယ်ဆေးသိုလှောင် အအေးခန်း သုံးထပ်အဆောက်အအုံသစ်သည် အလျား ပေ ၆၀၊ အနံ ၄၈ ပေ၊ အမြင့် ၃၉ ပေရှိသော သုံးထပ်ဆောင် အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ကာကွယ်ဆေးများကို သိုလှောင်ထားရှိမည့် (30m3 capacity) Walk in cooler အအေးခန်း တစ်လုံး၊ (20m3 capacity) ရှိ Walk in freezer အအေးခန်း တစ်လုံး၊ Washing room တစ်ခန်း၊ Dry store တစ်ခန်းနှင့် အအေးလမ်းကြောင်း ရုံးခန်းတစ်ခန်းပါဝင်ကြောင်း၊ ပထမထပ်တွင် ရုံးခန်းတစ်ခန်း၊ Function Room သုံးခန်း၊ ဒုတိယထပ်တွင် သင်တန်းခန်းမကျယ် တစ်ခန်းနှင့် Store တစ်ခန်း၊ Function Room တစ်ခန်း၊ အစားသောက်ပြင်ဆင်ခန်း တစ်ခန်းတို့ ပါဝင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မိတ္ထီလာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမကြီးမှ အိုင့်-သနပ်အိုင့်ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိတ္ထီလာမြို့နယ် မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြေသားရေကန်ပြုပြင်တူးဖော်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆည်ကုန်းကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် တစ်လုံးထိုးအင်ဂျင်ပြင်သင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော သင်တန်းသားတစ်ဦး၏ တစ်လုံးထိုးအင်ဂျင် ပြုပြင်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ သမဝါယမ ဝါစိုက်တောင်သူ အစုအဖွဲ့ ၁၀ ဖွဲ့မှ ဝါစိုက် တောင်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဝါစိုက်တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး စိတ်တူကိုယ်တူ ဆန္ဒတူသူများဖြင့် သမဝါယမအသင်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိရေးနှင့် နည်းပညာရရှိရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ဝါစိုက်တောင်သူများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြစေလိုကြောင်းပြောကြားပြီး အသင်းသားတောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ လက်ရက်ကန်း၊ စက်ရက်ကန်း သင်တန်းများ၊ ကာလတို၊ ကာလရှည်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုနှင့် လက်မှုအနုပညာ ပြခန်းဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းမှ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် ဖလံကျင်းကျေးရွာရှိ စိုပြေမွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်း၏ နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် မွေရွာကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် ဆပ်ပြာဆီအမျိုးမျိုးနှင့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော သင်တန်းသူတစ်ဦး၏ ဆပ်ပြာဆီအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုအနေဖြင့် လိုအပ်သောအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စည်ပင်သာယာရေး လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ် ဇေယျာဌာနီ(၂) လမ်း (အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအကြား) လမ်းဘေးဝဲ၊ ယာနှင့် ဥတ္တရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်း၊ အမြန်လမ်း မိုင်တိုင်(၂၂၀) နေပြည်တော် အဝင်ပန်းတင်လမ်းဆုံနှင့် ပျဉ်းမနား-တောင်ညို လမ်းတစ်လျှောက် မြက်ချုံများရှင်းလင်းခြင်း၊ သစ်ပင်များအလင်းဖွင့်ခြင်းနှင့် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရိပ်ရပင်နှင့် ပန်းအလှပင်များ ထပ်တိုးစိုက်ပျိုးရန်နှင့် စိုက်ပျိုးပြီး အပင်များ ရှင်သန်ကြီးထွားစေရေး စနစ်တကျ ထိန်းသိမ်းရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းရပ်ကွက်နှင့် ပြည်သူများသို့ သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ထားရှိသည့် ရေသန့်စင်စက်ရုံအမှတ်(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က တိုးချဲ့ရေပေးရေး ဆောင်ရွက်မည့်လုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အပြည့်အဝ ဖြန့်ဖြူးပေးဝေနိုင်ရေး စနစ်တကျ တွက်ချက် ဆောင်ရွက်ရန်၊ သောက်သုံးရေ ဖြန့်ဖြူးပေးဝေရာတွင် လေလွင့်မှုမရှိရေး အထူးဂရုပြုဆောင်ရွက်ရန်နှင့် မြို့ပြနေပြည်သူများသောက်သုံးရေအပြည့်အဝရရှိစေရန်အတွက် ရေတွန်းစက်များ၏ ကြံ့ခိုင်မှုကို အမြဲစစ်ဆေး ဆောင်ရွက်ကြရန် မှာကြားသည်။



ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သတ္တာသတ္တာဟ မဟာဗောဓိစေတီ မိဂဒါဝုန် ဘေးမဲ့တောဥယျာဉ်အနီး ရေကျော်တံတားမှတစ်ဆင့် သပြေစမ်း ဆည်အတွင်း စီးဝင်လာသော သဲနုန်းများကို စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် ဇွန် ၁၆**

၂၀၁၉ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အမျိုးသမီးများရဲ့ စွမ်းဆောင်မှုလူမှုဘဝအကျိုးပြု"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံသားတိုင်း မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးနှင့် အားကစားဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ဘာသာ/သာသနာအကျိုးပြုလုပ်ငန်းများကို အခြေပြု၍ မြန်မာအမျိုးသမီးထု၏ လှုပ်ရှားမှုကို ပေါ်လွင်စေရန် လွတ်လပ်စွာ ရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ရှစ်သိန်း၊ တတိယဆု ငွေကျပ်ခြောက်သိန်းနှင့် အထူးဆု ငါးဆုပါရှိမည်ဖြစ်ပြီး အထူးဆုတစ်ဆုလျှင် ငွေကျပ်လေးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၂ လက်မ x ၁၈ လက်မဆိုဒ် ဖြစ်သည်။ ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်သည်။ ၁၂ လက်မ x ၁၈ လက်မဆိုဒ် ဓာတ်ပုံနှင့်အတူ Soft Copy CD ကိုလည်း တစ်ပါတည်းပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ယှဉ်ပြိုင်ခွင့်မပြုပါ။ ဆုရရှိသော ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ သင်ခန်းစာကဏ္ဍများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဖြစ်ပြီး ဆုမရရှိသော ဓာတ်ပုံများလိုအပ်၍ အသုံးပြုမည်ဆိုပါက ခွင့်ပြုပေးရမည်ဖြစ်ပြီး သင့်တော်သောဥဏ်ပူဇော်ခကို ချီးမြှင့်ပေးသွားမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ၏ နောက်ကျောတွင် မိမိကိုယ်တိုင် ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပါရှိရမည်ဖြစ်ပြီး အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံပါ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို သီးခြားစက္ကူဖြင့် ရေးကူး၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အမှတ် ၂၇/၂၉ ၊ ၃၅ လမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ရုံးဖုန်း-(၀၉၇၇၇၈၄၃၃၈၇)သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၄ ခုနှစ်၊ ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမား ၉ ဦးအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုအခြေပြဇယား


စိန်ကြီး(ခ)အောင်ထွေး(၂၆)နှစ်


ချိုကြီး(ခ)ဟိန်းထက်အောင်(၁၈)နှစ်


မင်းသူ(၃၀)နှစ်




မောင်ဟိန်း(၂၄)နှစ်


အောင်သူရထွန်း(၂၅)နှစ်


ပြည့်ဖြိုးဇော်(၁၈)နှစ်





ထက်အာကာလင်း(၂၆)နှစ်


ဇာနည်အောင်(ခ)ကိုဇာ(၃၂)နှစ်


ချစ်ကေခိုင်(၃၈)နှစ်

❖ *ကျောဖုံးမှ*

ဖမ်းဆီးရမိတရားခံ ချိုကြီး (ခ) ဟိန်းထက်အောင်၏ ထွက်ဆိုချက်အရ ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော Dark Shadow အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **မျိုးသိန်းထွန်း**(၃၄)နှစ်အား FGC-9 သေနတ် ၁ လက်၊ ကျည်အိမ် ၁ ခုတို့နှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းအိမ်ရာ၊ ပျိုးခြံလိုင်း၊ အခန်းအမှတ်(၁၃) တွင် လည်းကောင်း၊ **ဇော်ကြီး(ခ) ကိုထက်** (၃၀)နှစ်အား လက်လုပ်မိုင်း ၁ လုံး၊ တရုတ်လက်ပစ်ဗုံး ၁ လုံး၊ ရီမု ၁ ခု တို့နှင့်အတူ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ပိတောက်လမ်း၊ အမှတ်(၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ နီလာအဆောင်၊ အခန်းအမှတ်(B-7)တွင် လည်းကောင်း၊ **ရဲဇော်ထွန်း(ခ)ဖိုးနစ်**(၃၄)နှစ်အား ပွိုင့်-၃၈ ကျည် ၂၉ တောင့်၊ လက်လုပ်မိုင်း ၅ လုံး၊ လက်လုပ်ရှို့ပစ်ဗုံး ၁ လုံး၊ Keypad ဖုန်း ၄ လုံး၊ ဓာတ်ခဲ ၉ လုံး၊ ပုလဲဓာတ်မြေဩဇာ ၁ ထုပ်တို့နှင့် အတူ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းအိမ်ရာ၊ သီဟလိုင်း၊ အခန်းအမှတ်(၄)တွင် လည်းကောင်း၊ **ရှိန်းမြင့်မိုရ်အောင် (ခ)ကိုရှိန်း** (၂၁) နှစ်အား လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်(၄၅)၊ အခန်း (၁၀၃) တွင်လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ချိုကြီး(ခ) ဟိန်းထက်အောင်၊ ရဲဇော်ထွန်း (ခ) ဖိုးနစ်၊ ဇော်ကြီး(ခ) ကိုထက်နှင့် ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း** တို့သည် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် လူမှုကွန်ရက်၌ ရင်းနှီးခဲ့သူ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဖြူနှင်းအေး (ခ) မီးအိမ်ရှင်**၏ စည်းရုံးမှုဖြင့် KNLA တပ်မဟာ(၆) လှူပ်ရှားနယ်မြေ လေးကေ့ကော်မြို့သစ်အနီး၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်း ၁ လ တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တက်ရောက်စဉ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG မှ **တရားခံပြေး ရည်မွန်** ဦးဆောင်ပြုလုပ်သည့် Online Meeting တွင် ပါဝင်တက်ရောက်ခဲ့ကာ **တရားခံပြေး ရည်မွန်**မှ အကြမ်းဖက် ဖောက်ခွဲရေး သင်တန်းဆင်းပြီးပါက ရန်ကုန်မြို့အတွင်းသို့ လျှို့ဝှက်စွာ ပြန်လည်ဝင်ရောက်၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စေခိုင်းခဲ့ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများအား ချိတ်ဆက် ပို့ဆောင်ပေးမည်ဟု ပြောကြားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ **ချိုကြီး(ခ)ဟိန်းထက်အောင်၊ ရဲဇော်ထွန်း(ခ)ဖိုးနစ်၊ ဇော်ကြီး(ခ) ကိုထက်** နှင့် **ရှိန်းမြင့်မိုရ်အောင်(ခ) ကိုရှိန်း** တို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ) ပန်ဒါလေး** ခေါင်းဆောင်သည့် Dark Shadow အမည်ခံအကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် ရန်ကုန် မြို့အတွင်းရှိ လှိုင်သာယာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်တို့တွင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ငွေကြေးများအား **တရားခံပြေး ရည်မွန်**က ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ (ခ)ပန်ဒါလေး** မှတစ်ဆင့် ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆို ချက်အရ **တရားခံပြေး ရည်မွန်**၏ စေခိုင်းမှုဖြင့် Dark Shadow အမည်ခံအကြမ်းဖက်အဖွဲ့မှ ရန်ကုန်မြို့အတွင်း၌ အကြမ်းဖက် ဖောက်ခွဲမှု ၂ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

*စာမျက်နှာ ၉ သို့*

### သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက် နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိမှုအခြေပြဇယား


မျိုးသိန်းထွန်း(၃၄)နှစ်




ဇော်ကြီး(ခ)ကိုထက်(၃၀)နှစ်




### သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက် နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိမှုအခြေပြဇယား


ရဲဇော်ထွန်း(ခ)ဖိုးနစ်(၃၄)နှစ်




ရှိန်းမြင့်မိုရ်အောင်(ခ)ကိုရှိန်း(၂၁)နှစ်

## သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအခမ်းအနားအား ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုအခြေပြဇယား




*စာမျက်နှာ ၈ မှ*

- ➢ တရားခံ **ရဲဇော်ထွန်း(ခ)ဖီးနစ်** သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ လျှပ်စစ်ရုံးရှေ့၌ လက်လုပ်မိုင်း ၂ လုံး သွားရောက်ဖောက်ခွဲခဲ့ကြောင်း။
- ➢ တရားခံ **ဇော်ကြီး (ခ) ကိုထက်** နှင့် **ရှိန်းမြင့်မိုရ်အောင်(ခ) ကိုရှိန်း** တို့ ၂ ဦး သည် ၂၀၂၄ ခုနှစ် ဧပြီလ(ဒုတိယပတ်)တွင် လှိုင်သာယာမြို့နယ်၊ (၅)လမ်းထိပ် ရဲကင်းစခန်းအား လက်ပစ်ဗုံး ၂ လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိသော ဆက်စပ် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**




## ဝမ်းတွင်းမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဝမ်းတွင်း ဇွန် ၁၆**

ဝမ်းတွင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ဒိုင်ကောင်းကုန်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။




ထိုသို့ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ် ဆောင်ရွက်ပေးခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်း (ဒိုင်ကောင်းကုန်း) သို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းခင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၇ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပဲခူးမြို့ အထက(၈)၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး

**ပဲခူး ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပဲခူးမြို့အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၄ ရက်က ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက ကလေးသူငယ် အခွင့်အရေးများအကြောင်းနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးမြို့ အမှတ်(၂) မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအကြောင်းအရာများကို ပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သက်ထက်**

# ငြိမ်းချမ်းခြင်းရဲ့အရသာ ပြန်လည်ဖွေရှာ

ငြိမ်းချမ်းအောင်

**၂၀၀၀ ပြည့်လွန်နှစ်များအတွင်းက လုပ်ငန်းတာဝန်ဖြင့် မြန်မာပြည်အနှံ့အပြား ခရီးအတော်များများသွားရောက်ခဲ့ဖူးပါသည်။ ဖလမ်း၊ တီးတိန်၊ ဟားခါး။ မြူနှင်းဝေဝေကြားက တောင်ပေါ်မြို့ကလေးများ။ ခမ်းနားထည်ဝါလှသည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ။ ကလေးမြို့မှ တောင်တက်ခရီးအစ သိုင်းငင်ရောက်သည်နှင့် မြေပြန့်နှင့်မတူ တစ်မူထူးခြားလှပသည့် တောင်ပေါ်ရှုခင်းများက ရှုမောမဆုံး။ အေးချမ်းသာယာလှပပါသော ချင်းပြည်နယ်။**

ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝမှာလည်း နွားနောက်ခြံများ၊ လက်ဖက်ခင်းများ၊ တောင်ယာစိုက်ခင်းများအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများဖြင့် ဒေသနှင့်လိုက်ဖက်ညီစွာ အေးချမ်းသာယာလှပခဲ့ပါသည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာသည်နှင့်အမျှ သည်လမ်း၊ သည်စခန်းကို နေ့ညမရွေး အကြိမ်ကြိမ်သွားလာခဲ့ဖူးပါသည်။

ဘားအံ၊ ကော့ကရိတ်၊ မြဝတီ။ ကော့ကရိတ်မှ ထို့ကော်ကိုး၊ ရွှေဂွန်းမှ မြိုင်ကြီးငူ စသဖြင့် သာစွဌာနေ ဖွဲ့ကပင်မြေသို့လည်း နေ့ညမရွေး ဘေးမသန်းဘဲ အေးချမ်းစွာ အကြိမ်ကြိမ်သွားရောက်ဖြစ်ခဲ့သည်။

## ငြိမ်းချမ်းရေး၏ အရသာနှင့် အသီးအပွင့်များ

တပ်မတော်အစိုးရနှင့် KNU တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဖြစ်ထွန်းအောင်မြင်လာသည်နှင့်အမျှ ကရင်ပြည်နယ်သည်လည်း တည်ငြိမ်အေးချမ်းလာခဲ့သည်။ တိုက်ပွဲများရပ်စဲသွားခဲ့၍ ဒေသခံ ကရင်တိုင်းရင်းသားပြည်သူတို့မှာလည်း ငြိမ်းချမ်းရေး၏ အရသာနှင့် အသီးအပွင့်များကို ရရှိခံစားလာနိုင်ခဲ့သည်။ မိမိတို့၏ လူမှုစီးပွားဘဝကို အေးအေးလူလူ ပြန်လည်ထူထောင် လုပ်ဆောင်လာနိုင်ခဲ့သည်။ ရွှေဂွန်းမြို့ဆိုလျှင် သံလွင်မြစ်မှ မြေဆီမြေနှစ်များကို နုန်းသွင်းမြောင်းများမှတစ်ဆင့် သွယ်ယူ၍ မြေပဲများ စိုက်ပျိုးခဲ့ရာ FAO ဆုရရှိသည်အထိ အောင်မြင်ဖြစ်ထွန်းခဲ့သည်။

မြစ်ကြီးနား–တနိုင်း–လီဒိုလမ်းမကြီး၊ မြစ်ကြီးနား–မိုးကောင်း–မိုးညှင်း–ဟိုပင်–ရွှေဘို မဟာဗျူဟာလမ်းမကြီးအတိုင်း သွားခဲ့ပြန်တော့ **“ကချင်ပြည်ကိုလာနော် တကယ်ပျော်တယ်နော့”**ဟူသည့် ဖိတ်ခေါ်သီချင်းသို့နှယ် တကယ်ပျော်စရာကောင်းခဲ့ပါသည်။

၁၉၉၄ ခုနှစ်တွင် ငြိမ်းချမ်းရေးအကျိုးဆောင်များ၏ ပါဝင်ကြိုးပမ်းမှုများနှင့်အတူ တပ်မတော်အစိုးရနှင့် KIA ကချင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်မှုရရှိပြီးနောက်တွင် ကချင်ပြည်နယ်သည်လည်း တည်ငြိမ်အေးချမ်းလာခဲ့ပါသည်။ ငြိမ်းချမ်းရေးအောင်ပွဲသည် ကချင်တိုင်းရင်းသားပြည်သူတို့၏ လူမှုဘဝတည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုတို့ကို ရယူဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။

ကယားပြည်နယ် လွိုင်ကော်မြို့လေးမှာမူ အေးချမ်းငြိမ်သက်လှသည်။ မြို့နေလူထုကလည်း အတော်အသင့်မျှသာဖြစ်၍ လူနေကျဲပါးသည်။ သို့သော် တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရာ လောပိတဓာတ်အားပေးစက်ရုံကြောင့် ကယားပြည်နယ်သည် ပြည်ထောင်စုသားများကြားတွင် ထင်ရှားသည်။ တောင်ကွဲစေတီတော်ရင်ပြင်မှမြို့ကို ရှုကြည့်လျှင် လယ်ကွင်းများ၊ တောင်တန်းများနှင့် စိမ်းလန်းစိုပြည်သော မြို့ရှုခင်းများကို တွေ့မြင်ရပေမည်။ တောင်ကွဲစေတီနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကား မြို့ခံတိုင်းရင်းသားတို့၏ ဘာသာတရားကိုင်းရှိုင်းမှုနှင့် နူးညံ့သောစိတ်နေစိတ်ထားတို့ကို ဆဝါးမှန်းဆ တွေ့မြင်နိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့မူ လေကြောင်းအပြင် ရန်ကုန်–မအီ–စစ်တွေလမ်း၊ ရန်ကုန်–အမ်း–စစ်တွေလမ်းမကြီးတို့မှတစ်ဆင့် အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါသည်။ ရခိုင်ပြည်နယ်သည် ချောင်းမြောင်း အင်းအိုင်ပေါများမှုကြောင့် ယခင်က ရေလမ်းခရီးကိုသာ အဓိက အားထားသွားလာခဲ့ကြရသည်။ တပ်မတော်အစိုးရခေတ်တွင် စစ်တွေမှ ရန်ကုန်သို့ တိုက်ရိုက်ပေါက်သည့် ကားလမ်းမကြီးနှင့်အတူ မြစ်ကူးချောင်းကူးတံတားကြီးများကို ငွေကြေးအမြောက်အမြား အကုန်ကျခံဖောက်လုပ်ပေးခဲ့၍ လမ်းပန်းဆက်သွယ်မှုမှာ လွယ်ကူချောမွေ့လာခဲ့ပြီး ကုန်စည်စီးဆင်းမှုမှာလည်း သွက်လက်မြန်ဆန်လာခဲ့သည်။ ငပလီ၊ သံတွဲနှင့် မြောက်ဦးယဉ်ကျေးမှုနယ်မြေများသို့လည်း ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ခဲ့ပေသည်။

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

ဆိုရလျှင် ပြီးခဲ့သည့် တပ်မတော်အစိုးရခေတ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့သလို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းတိုင်းတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် တိုင်းရင်းသားများ၏ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန်ဖြစ်ထွန်းလာခဲ့ပါသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင်လည်း ဒေသဆိုင်ရာ တိုင်းရင်းသားခေါင်းဆောင်များ၏တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် အထိုက်အလျောက် တိုးတက်မှုများဖြစ်ထွန်းလာခဲ့ပေသည်။**

တပ်မတော်အစိုးရခေတ်အလွန် ဒီမိုကရေစီအစိုးရ ပထမသက်တမ်း (၂၀၁၀–၂၀၁၅) ကာလတွင်လည်း ထိုစဉ်က သမ္မတ ဦးသိန်းစိန်သည် **“ငြိမ်းချမ်းရေးမရှိဘဲ မဖွံ့ဖြိုးနိုင်၊ ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီစနစ် မထွန်းကားနိုင်”** ဟူသော အယူအဆကို အခြေခံကာ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများနှင့်အတူ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ၂၀၁၆–၂၀၂၀ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ ထပ်တိုးလာ၍ NCA သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၁၀ ဖွဲ့အထိ ရှိလာခဲ့သည်။

## တိုက်ပွဲများ တစ်ကျော့ပြန်လည်ဖြစ်ပွားလာခဲ့

သို့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲနောက်ပိုင်းတွင် ဘေးပယောဂနှင့် နိုင်ငံရေးအမြတ်ထုတ်လိုမှုများနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က တိုက်ကွက်များ ပြန်လည်ဖော်ဆောင်လာခဲ့ကြ၍ ဆယ်စုနှစ်များစွာ အေးချမ်းသာယာခဲ့သောဒေသအချို့တွင် တိုက်ပွဲများတစ်ကျော့ပြန်လည်ဖြစ်ပွားလာခဲ့ပါသည်။

**တစ်ကျော့ပြန်တိုက်ပွဲများကြောင့် ဒေသခံပြည်သူများမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအဘက်ဘက်မှ ထိခိုက်နစ်နာရုံမက အသက်အိုးအိမ်စည်းစိမ်များပါ ဆုံးရှုံးနစ်နာခဲ့ကြရပြန်သည်။** ရထားလမ်းများ၊ လမ်းတံတားများအပါအဝင် နိုင်ငံပိုင်အခြေခံဆောက်အအုံများကို ဖျက်ဆီးခဲ့ကြ၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးပြတ်တောက်မှုများ ဖြစ်ပေါ်လာခဲ့ရာ တိုက်ပွဲနှင့် တိုက်ရိုက်မပတ်သက်သော မြို့ရွာများမှ ဒေသခံပြည်သူများသည်ပင်လျှင် ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် စားနပ်ရိက္ခာပြတ်တောက်မှုများ ကြုံတွေ့ခဲ့ကြရပြန်သည်။ ရန်ကုန်မြို့သို့ပင် တစ်သက်တာတစ်ခါဖူးမျှ ခြေမချလောက်အောင် ဇာတိချက်ကြွေမွေးရပ်မြေကို ခင်တွယ်လွန်းသူ တိုင်းရင်းသား သက်ကြီးဘိုးဘွားမိဘအချို့မှာလည်း တိုက်ပွဲရှောင်ရင်း ယာယီတိုက်ပွဲရှောင်စခန်းများတွင် ခေါင်းချသွားခဲ့ကြရာ လွန်စွာဝမ်းနည်းဖွယ်ကောင်းလှသည်။

## (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ခေါင်းဆောင်အချို့က **“NCA ပျက်ပြယ်သွားပြီ”**ဟု ဆိုကြသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် “နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”၊ “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်” ဟု ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)အပေါ် ရပ်တည်ချက်နှင့် ပတ်သက်၍ အကြိမ်ကြိမ်အထပ်ထပ်ပြောကြားခဲ့ပါသည်။

*စာမျက်နှာ ၁၂ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ဆုံ၍ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

❖ **တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းတိုင်းတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန်ဖြစ်ထွန်းလာခဲ့ပါသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင်လည်း ဒေသဆိုင်ရာ တိုင်းရင်းသားခေါင်းဆောင်များ၏ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် အထိုက်အလျောက်တိုးတက်မှုများ ဖြစ်ထွန်းလာခဲ့ပေသည်**

# စားသုံးဆီကြောင့် ဘေးမဖြစ်စေလို

**ဒေါက်တာပြည့်ထူး (FDA)**

မြန်မာလူမျိုးတို့၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုအလေ့အထတွင် စားသုံးဆီသည် အဓိကအခန်းကဏ္ဍမှ မပါမဖြစ်ပါဝင်နေသည်ကို တွေ့ရှိရပေမည်။ ရှေးမြန်မာများလက်ထက်ကပင် **"ဆီရွှဲ ဖွဲ တောင်ဟင်းဖြစ်"** ဟု တင်စားရလောက်အောင် စားသုံးဆီကိုနှစ်ခြိုက်စွာ စားသုံးခဲ့ကြသည်မှာ ယခုကာလအထိပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်လာမှုနှင့်အတူ ခေတ်နှင့်အညီ ပြောင်းလဲလာသော စားသောက်မှုပုံစံများကြောင့် ပြည်ပမှ မှာယူတင်သွင်းရသော စားသောက်ကုန်အမျိုးမျိုးအနက် စားသုံးဆီသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။



နှမ်းနှင့်မြေပဲဆီမှာ စားအုန်းဆီထက် ဈေးသုံးဆခန့် ပိုမိုများပြားလျက်ရှိပါသည်။ ထို့ကြောင့် ဈေးကွက်အနေအထားအရ စားအုန်းဆီမှာ အခြားဆီများထက် ဈေးကွက်နေရာ ပိုမိုရရှိနေသည်ပင်ဖြစ်သည်။

### စားသုံးဆီဆိုသည်မှာ

စားသုံးဆီဆိုသည်မှာ လူတို့ချက်ပြုတ်ကြော်လှော် စားသုံးရာတွင် အဆိပ်အတောက်မဖြစ်ပေါ်စေဘဲ စားသုံးရန် သင့်လျော်သောဆီဖြစ်ပြီး ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil)နှင့် တိရစ္ဆာန်ထွက်ဆီ (Animal Fat)ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ အမှန်စင်စစ်အားဖြင့် စားသုံးဆီတို့သည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ် (Fatty Acid) အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid)၊ မိုနို မပြည့်ဝအဆီအက်စစ် (Mono Unsaturated Fatty Acid)၊ ပိုလီ မပြည့်ဝအဆီအက်စစ် (Poly Unsaturated Fatty Acid) တို့ အချိုးအဆအမျိုးမျိုး ပေါင်းစပ်ပါဝင်နေသောကြောင့် စားသုံးဆီတို့၏ အရည်အသွေးများ ကွဲပြားနေရခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင် အသုံးများသော စားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ဖြစ်ပြီး ဖွဲနုဆီနှင့် ကနိုလာဆီတို့ကိုမူ အနည်းငယ်သာ အသုံးပြုကြရာ ယေဘုယျအားဖြင့် အပင်ထွက်ဆီ (Vegetable Oil) များကိုသာ စားသုံးဆီအဖြစ် အသုံးပြုကြသည်ဟု ဆိုနိုင်ပေသည်။

ကမ္ဘာ့စားသုံးဆီဈေးကွက်ကို လေ့လာကြည့်ပါက ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းကျော်မှာ စားအုန်းဆီဖြစ်ပြီး ပဲပိစပ်ဆီသည် ဒုတိယနေရာတွင်ရှိနေသည်ကို တွေ့ရှိရပါသည်။ နေကြာဆီမှာမူ ကမ္ဘာ့စုစုပေါင်းတင်ပို့မှု၏ ၄၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ၌ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲပိစပ်၊ ပဲပုပ်၊ ဆီအုန်းတို့ စိုက်ပျိုးကြပြီး မိရိုးဖလာအရ မြေပဲဆီနှင့်နှမ်းဆီတို့ကို အဓိကထား စားသုံးခဲ့ကြကာ နောက်ပိုင်းတွင် နေကြာဆီကိုလည်း နှစ်နှစ်ခြိုက်ခြိုက်သုံးစွဲလာကြသည်။

### ဆီစားသုံးမှုမြင့်မားသောနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေ

မြန်မာတို့သည် ဆီကိုလိုအပ်သည်ထက် ပိုမိုထည့်သွင်းစားသုံးတတ်သည့်လူမျိုးဖြစ်သည့်အလျောက် မြန်မာနိုင်ငံမှာ ဆီစားသုံးမှုမြင့်မားသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်နေပါသည်။ လက်ရှိတွင် ပြည်တွင်း၌ ပြည်တွင်းစားသုံးဆီ ကြိတ်ခွဲထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းမှာ အရည်အသွေးမပြည့်မီသော ရောနှောဆီများရောင်းချခြင်းနှင့် ပြည်တွင်းဈေးကွက်၌ ပုံမှန်ယှဉ်ပြိုင်မှုမရှိသည့်အတွက် ရပ်ဆိုင်းခဲ့ရသည်ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းမှပေးပို့သော အချက်အလက်များမှ သိရှိရသည်။

မြန်မာနိုင်ငံတွင် ဆီလိုအပ်မှုမှာ ပြည်တွင်းစားသုံးမှု၊ စက်မှုလုပ်ငန်းသုံးနှင့် ဟိုတယ်ခရီးသွားလုပ်ငန်းသုံး အားလုံးပေါင်းအတွက် နှစ်စဉ်ဆီတန်ချိန် ၁၁ သိန်းခန့်လိုအပ်လျက်ရှိရာ ပြည်တွင်းဆီ ထုတ်လုပ်မှုသာမက ပြည်ပမှဆီအမျိုးမျိုးကို နှစ်စဉ်ဆီတန်ချိန် ၉ သိန်းခန့် လိုအပ်နေကြောင်း သိရှိရသည်။ ပြည်တွင်းလိုအပ်ချက်ပြည့်မီရန်အတွက် ပြည်ပမှ စားသုံးဆီအမျိုးအမျိုးကို တင်သွင်းနေလျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော်မှာ စားအုန်းဆီဖြစ်ပါသည်။ ပြည်တွင်းဈေးကွက်ရှိ ကာလပေါက်ဈေးအရ နေကြာဆီသည် စားအုန်းဆီထက် ဈေးနှစ်ဆနှင့် နှမ်းနှင့်မြေပဲဆီမှာ စားအုန်းဆီထက် ဈေးသုံးဆခန့် ပိုမိုများပြားလျက်ရှိပါသည်။ ထို့ကြောင့် ဈေးကွက်အနေအထားအရ စားအုန်းဆီမှာ အခြားဆီများထက် ဈေးကွက်နေရာ ပိုမိုရရှိနေသည်ပင်ဖြစ်သည်။

### ကျန်းမာရေးရှုထောင့်မှ သက်ရောက်မှု

မြန်မာနိုင်ငံကဲ့သို့ ဆီစားသုံးမှုများပြားသည့် နိုင်ငံတွင် စားသုံးဆီအမျိုးမျိုးကို စားသုံးနေကြသည့်အလျောက် နေ့စဉ်စားသုံးနေသည့် စားသုံးဆီများနှင့်ပတ်သက်သည့် ကျန်းမာရေးရှုထောင့်မှ သက်ရောက်မှုကိုလည်း လေ့လာသင့်သည်။ စားသုံးဆီများတွင် ပုံပြောင်းအဆီအက်ဆစ်များ (Trans Fatty Acid)နှင့် ကျန်းမာရေးနှင့်ကိုက်ညီမှု မရှိသော အခြားဓာတ်သဘာဝ (ဥပမာ- အာဖလာတော့ဆင်မှိုဆိပ်) များပါရှိနိုင်သည်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်း ကိုလက်စထရောများ မြင့်တက်လာပြီး နှလုံးနှင့်အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းစသည့် ကုသရန်ခက်ခဲသောဝေဒနာများ ဖြစ်ပေါ်လာနိုင်ပါသည်။ ရှောင်ရှားသင့်သည့် အဆီအမျိုးအစားများမှာ Trans-fat နှင့် saturated fat တို့ပင်ဖြစ်သည်။ ယင်းအဆီများသည် ခန္ဓာကိုယ်အတွက် အကျိုးမပြုသော ကိုလက်စထရော (Low-density Lipoprotein- LDL) ကို တိုးစေပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုသော ကိုလက်စထရော (High-density Lipoprotein- HDL)ကို လျော့ကျစေနိုင်ပါသည်။

မပြည့်ဝဆီများဖြစ်ကြသည့် အိုမီဂါ သရီး၊ အိုမီဂါဆစ်၊ oleic acid နှင့် linoleic acid များသည် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့်အဆီများဖြစ်ကြပြီး ယင်းကဲ့သို့သောအဆီများကို နေ့စဉ်စားသုံးသည့် အစားအစာများတွင် ထည့်သွင်းစားသုံးပေးခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်နိုင်စေမည်ဖြစ်ပါသည်။ ထို့အပြင် ခန္ဓာကိုယ်အနေဖြင့်ဗီတာမင် A၊ D၊ E နှင့် K တို့ကဲ့သို့သော ဗီတာမင်ဓာတ်များကို စုပ်ယူနိုင်ရန်အတွက် အဆီဓာတ်ကို လိုအပ်ပေသည်။ အဆီမရှိလျှင် ခန္ဓာကိုယ်က ယင်းဗီတာမင်များကို စုပ်ယူနိုင်မည်မဟုတ်ပေ။ လူအများစုသည် အဆီဆိုသည့်အရာမှာ ခန္ဓာကိုယ်အတွက် မကောင်းသောအရာဟု တရားသေ သတ်မှတ်ထားတတ်ကြပြီး ၎င်းတို့နေ့စဉ်စားသုံးသည့် အစားအစာများတွင် ပါဝင်သည့်အဆီများကို ချေဖျက်နိုင်ရန်အတွက် အချိန်ကုန်ငွေကုန်ခံပြီး လုပ်ဆောင်လေ့ရှိကြပါသည်။ အမှန်ဆိုရလျှင် ကျန်းမာသော ကိုယ်အလေးချိန်ထိန်းသိမ်းရန်အတွက်လည်း အဆီဓာတ်ကို ပမာဏတစ်ခုအထိ လိုအပ်ပါသည်။

အခြေခံအားဖြင့် စားသုံးဆီတွင်ပါဝင်သည့်အဆီကို ပြည့်ဝဆီနှင့် မပြည့်ဝဆီဟူ၍ နှစ်မျိုးခွဲခြားထားကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အဆီအုပ်စုတစ်ခုချင်းစီ၌ အဆီအမျိုးအစားများစွာ ပါဝင်နေလျက်ရှိသည်။ မပြည့်ဝဆီများတွင် polyunsaturated fatty acid နှင့် monounsaturated fat တို့ ပါဝင်နေပါသည်။ ယင်းတို့ကို အတန်အသင့်စားသုံးသည့်အခါ ခန္ဓာကိုယ်အတွင်းရှိ ကိုလက်စထရောပမာဏကို ကျဆင်းစေပြီး နှလုံးရောဂါခံစားရနိုင်ခြေကို လျော့ကျစေနိုင်ပါသည်။ Polyun-saturated fat ကို ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီကဲ့သို့သော အသီးအရွက်ဆီများတွင် တွေ့ရတတ်ပြီး သွေးတွင်း ကိုလက်စထရောပမာဏနှင့် triglyceride ပမာဏကို လျော့ကျစေပါသည်။ polyun-saturated fat တစ်မျိုးမှာ အိုမီဂါသရီးဖက်တီးအက်ဆစ်ဖြစ်ပါသည်။ ယင်းကို အဆီများသည့် ဆယ်လ်မွန်၊ မက်ကာရယ်နှင့် ငါးခူကဲ့သို့သော ငါးများ၊ နှမ်းကြတ်စေ့ဆီနှင့် သစ်ကြားသီးများတွင် တွေ့ရှိရတတ်ပါသည်။ ထိုကဲ့သို့သော အိုမီဂါသရီးဓာတ်များ ကြွယ်ဝစွာပါဝင်သည့် အစားအစာများကို တစ်ပတ်လျှင် နှစ်ကြိမ် စားသုံးပေးသင့်ကြောင်း အမေရိကန်နှလုံးအဖွဲ့က အကြံပြုထားပါသည်။

### စားသုံးရန်မသင့်သည့် အဆီနှစ်မျိုး

စားသုံးရန်မသင့်သည့် အဆီနှစ်မျိုးမှာ ပြည့်ဝဆီများဖြစ်ကြသည့် saturated fat နှင့် trans fatty acid များဖြစ်ကြပြီး ၎င်းတို့သည် သွေးတွင်းကိုလက်စထရောပမာဏကို တိုးစေပြီး သွေးကြောများကို ပိတ်ဆို့စေသကဲ့သို့ နှလုံးရောဂါများဖြစ်နိုင်ခြေကိုလည်း တိုးပွားစေပါသည်။ ပြည့်ဝဆီများကို တိရစ္ဆာန်များမှရရှိသည့် စားသောက်ကုန်များဖြစ်ကြသော အသားများ၊ နို့နှင့် ဥအမျိုးမျိုးတွင် တွေ့ရှိနိုင်ပါသည်။ ထို့အပြင် အုန်းဆီနှင့် စားအုန်းဆီများတွင်လည်း ပြည့်ဝဆီများ ပါဝင်နေသည်ကို သတိပြုသင့်ပေသည်။ ပြည့်ဝဆီများကို အခါခါပြန်ကြော်ချက်သည့်နေရာတွင် အသုံးပြုလျှင် ကင်ဆာအမျိုးမျိုးကို ဖြစ်ပေါ်ခံစားရစေသောကြောင့် ကျန်းမာရေးနှင့်သင့်တော်သည့် မပြည့်ဝဆီများကိုသာ အဓိက စားသုံးသင့်ပေသည်။

စားသုံးဆီ ၁ ဂရမ်( 1 gram) ကို စားပြီးတိုင်း အင်အားဓာတ် (စွမ်းအင်) ၉ ကီလိုကယ်လိုရီ ( 9 Kcal/gm) ရရှိစေပြီး ထိုရရှိလာသော စွမ်းအင်ကို နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် အသုံးပြုကြရပါသည်။ ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသောအစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည့်ပမာဏထက် ပို၍စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန်တိုးလာနိုင်သည်နှင့်အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါစသည့် နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ စားသုံးဆီကို အလွန်အကျွံစားသုံးသောကြောင့် ဖြစ်ပေါ်စေနိုင်သည့် ရောဂါဆိုးများမှ ရှောင်ရှားနိုင်ရန်အလို့ငှာ အသက်အုပ်စုအလိုက် တစ်နေ့တာအတွက် အနည်းဆုံးလိုအပ်သော စားသုံးဆီပမာဏကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အာဟာရဌာနခွဲ) က အောက်ပါဇယားအတိုင်း လမ်းညွှန်မှုပြုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်-

| စဉ် | အသက်အုပ်စု | တစ်နေ့တာလိုအပ်သော စားသုံးဆီပမာဏ |
|---|---|---|
| (က) | ၁ နှစ်မှ ၃ နှစ် | ၁.၂၅ ကျပ်သား |
| (ခ) | ၄ နှစ်မှ ၆ နှစ် | ၁.၅၀ ကျပ်သား |
| (ဂ) | ၇ နှစ်မှ ၉ နှစ် | ၂.၀ ကျပ်သား |
| (ဃ) | ၁၀ နှစ်မှ ၁၂ နှစ် | ၂.၀ ကျပ်သား |
| (င) | ၁၃ နှစ်မှ ၁၉ နှစ် | ၃.၅၀ ကျပ်သား |
| (စ) | အမျိုးသား(လူကြီး) | ၂.၀ ကျပ်သား |
| (ဆ) | အမျိုးသမီး (လူကြီး) | ၁.၅၀ ကျပ်သား |
| (ဇ) | ကိုယ်ဝန်ဆောင် | ၂.၀ ကျပ်သား |
| (ဈ) | နို့တိုက်မိခင် | ၂.၀ ကျပ်သား |

အထက်ဖော်ပြပါ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လမ်းညွှန်မှုပြုထားသော စားသုံးဆီပမာဏနှင့်အညီ မိသားစုတိုင်းက တိကျစွာ

*စာမျက်နှာ ၁၂ သို့*

**❝ ခန္ဓာကိုယ်အနေဖြင့် ဗီတာမင် A၊ D၊ E နှင့် K တို့ကဲ့သို့သော ဗီတာမင်ဓာတ်များကို စုပ်ယူနိုင်ရန်အတွက် အဆီဓာတ်ကို လိုအပ်ပေသည်။ အဆီမရှိလျှင် ခန္ဓာကိုယ်က ယင်းဗီတာမင်များကို စုပ်ယူနိုင်မည်မဟုတ်ပေ။ လူအများစုသည် အဆီဆိုသည့်အရာမှာ ခန္ဓာကိုယ်အတွက် မကောင်းသောအရာဟု တရားသေ သတ်မှတ်ထားတတ်ကြပြီး ၎င်းတို့နေ့စဉ်စားသုံးသည့် အစားအစာများတွင်ပါဝင်သည့် အဆီများကို ချေဖျက်နိုင်ရန်အတွက် အချိန်ကုန်ငွေကုန်ခံပြီး လုပ်ဆောင်လေ့ရှိကြပါသည်။ အမှန်ဆိုရလျှင် ကျန်းမာသောကိုယ်အလေးချိန် ထိန်းသိမ်းရန်အတွက်လည်း အဆီဓာတ်ကို ပမာဏတစ်ခုအထိ လိုအပ်ပါသည် ❞**

*စာမျက်နှာ ၁၀ မှ*

ဥပဒေအရသာတောင်းဆိုရမည်

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော့ခန်းမဆောင်၌ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အပေါ်တွင်သာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း လိုလားချက်များကို အကြမ်းဖက်သည့် လမ်းစဉ်ဖြင့် လက်နက်ကိုင်၍ တောင်းဆို၍မရဘဲ ဥပဒေအရသာတောင်းဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနည်းလမ်းအရဆောင်ရွက်ခြင်းမပြုဘဲ လက်နက်ကိုင်၍ တောင်းဆိုခြင်းကို တပ်မတော်အနေဖြင့် လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် သဘောတူညီထားပြီးဖြစ်ပြီး ပြင်ဆင်သင့်သည့်ဥပဒေများကို လွှတ်တော်လမ်းကြောင်းပေါ်၌ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးပါက ပြည်ထောင်စုမှဥပဒေကဲ့သို့ အာဏာတည်သော အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ဆောင်ပေး၍ရကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ဖက်ဒရယ်စနစ်အပေါ်တွင် ယုံကြည်မှုပိုမိုရရှိလာမည်ဖြစ်ကြောင်း" စသည်ဖြင့် ပြောကြားခဲ့ပါသည်။

အလားတူ ၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်၊ (၇၉) နှစ်မြောက် တပ်မတော်နေ့အခမ်းအနား မိန့်ခွန်းတွင်လည်း "တို့တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ရင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အပေါ်မှာသာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမှာဖြစ်တယ်။ NCA သဘောတူစာချုပ်ဟာ လွယ်လင့်တကူဖြစ်ပေါ်လာတဲ့ သဘောတူစာချုပ်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ စတင်ဖိတ်ခေါ်ခဲ့တဲ့ နေ့ကစပြီး ဆွေးနွေးညှိနှိုင်းမှု ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ပြီးမှရရှိခဲ့တဲ့ သဘောတူစာချုပ်ဖြစ်တယ်။ ရရှိထားတဲ့ သဘောတူညီချက်များကတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့အချက်များကို ဒီမိုကရေစီနည်းလမ်းတကျဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားရမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ NCA စာချုပ်ကြီး ပေါ်ပေါက်လာတာနဲ့တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ အဲဒီငြိမ်းချမ်းရေး မူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေကရရှိလာတဲ့ 'အသိတရား' ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် 'အရှိတရား'လည်း ဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

## ❑ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှ ခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးသဘောထားကွဲလွဲမှုများကို လက်နက်ကိုင်တောင်းဆိုကြမည့်အစား ဆွေးနွေးပွဲစားပွဲဝိုင်းတွင် နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာကြရန် မေတ္တာရပ်ခံအပ်ပါသည်

နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာ

သို့ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှ ခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးသဘောထား ကွဲလွဲမှုများကို လက်နက်ကိုင်တောင်းဆိုကြမည့်အစား ဆွေးနွေးပွဲစားပွဲဝိုင်းတွင် နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ကချင်ပြည်နယ် ယာယီတိုက်ပွဲရှောင်စခန်းတစ်ခုတွင် "ငါ၊ အိမ်ပြန်ချင်တယ်"၊ "အိမ်ပြန်ချင်တယ်"ဟု နေမကောင်းသည့်ကြားက တဖွဖွ ယောင်ယမ်းပူဆွေးရေရွတ်နေသော တိုင်းရင်းသားအဘွားအိုတစ်ဦးနှင့် သောင်းရင်းမြစ်ကမ်းမှတစ်ဖက်နိုင်ငံသို့ အိုးပစ်အိမ်ပစ် တိုက်ပွဲရှောင်ထွက်ပြေးနေကြသော ဒေသခံတိုင်းရင်းသားပြည်သူတို့၏ မြင်ကွင်းများကို ငြိမ်းချမ်းရေးလိုလားသူတိုင်း မကြားလိုမမြင်လိုတော့ပါ။ တာဝန်ရှိသူများအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ချိန်တစ်ခါက ရရှိခံစားခဲ့ကြဖူးသော ငြိမ်းချမ်းခြင်းရဲ့ အရသာကို ပြန်လည်ဖွေရှာပေးနိုင်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

*စာမျက်နှာ ၁၁ မှ*

လိုက်နာသုံးစွဲခြင်းဖြင့် ကုသရန်ခက်ခဲသော နာတာရှည်ရောဂါ ဝေဒနာဆိုးများမှ ကင်းဝေးစေခြင်းကြောင့် ဆေးကုသမှုအတွက် အသုံးပြုရမည့် ကုန်ကျစရိတ်သက်သာခြင်းနှင့် မိသားစုဝင်များ စိတ်ချမ်းသာမှုကို ရရှိနိုင်ပေသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦး တစ်ယောက်ချင်းမှအစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲလိုက်ခြင်းအားဖြင့် ပြည်သူများကျန်းမာသန်စွမ်းပြီး နာတာရှည်ရောဂါများကင်းဝေးကာ မိမိတို့၏ လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့် ဆောင်ရွက်လာနိုင်ခြင်းနှင့်အတူ စားသုံးဆီတင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေချွေတာလာနိုင်ခြင်းကြောင့် အခြားပြည်တွင်းလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းတိုးချဲ့ဆောင်ရွက်လာနိုင်မည်လည်း ဖြစ်ပါသည်။

စားသုံးသူပြည်သူများ၏ ကျန်းမာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသည်ဖြစ်ပေရာ လူတိုင်းကိုယ်စီ စားသုံးဆီနှင့် ကျန်းမာရေးဆက်နွှယ်မှုကို ဂရုပြုကြခြင်းဖြင့် စားသုံးဆီကြောင့် ဖြစ်ပွားတတ်သော နာတာရှည်ရောဂါဝေဒနာများမှ ကင်းဝေးကြစေရန် အရည်အသွေးစစ်ဆေးပြီးသော စားသုံးဆီများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လမ်းညွှန်ထားသောပမာဏနှင့်အညီ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲသင့်ကြောင်း တိုက်တွန်းလိုပါသည်။

စားသုံးဆီတင်သွင်းသူ၊ ထုတ်လုပ်သူ၊ ဖြန့်ချိသူများအနေဖြင့်လည်း သတိမမူ ဂူမမြင် မဖြစ်စေဘဲ စားသုံးဆီ၏ အန္တရာယ်နှင့် စားသုံးဆီများအကြောင်း ဂဃနဏသိရှိစေရန် ကြိုးပမ်းသင့်ပေသည်။ ထို့အပြင် မိမိ၏ စီးပွားရေးအား ငွေကြေးအကျိုးအမြတ် (Profit) ကိုသာ ဦးတည်သည့်လုပ်ငန်းမဖြစ်စေဘဲ စားသုံးသူ (Consumers) အား ရှေးရှုသည့် ကျင့်ဝတ်နှင့်ညီသော လုပ်ငန်းများ (Ethical Business) ဖြစ်စေရေး အလေးထားရန်လိုအပ်မည်ဖြစ်သလို နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများ၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဖော်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။

**စားသုံးဆီနှင့်ပတ်သက်သည့် အမိန့်ကြော်ငြာစာများ**

နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း ရေရှည်တည်တံ့သောတိုးတက်မှု (Sustainable Development)ကို ဦးတည်၍ မူဝါဒများ၊ ညွှန်ကြားချက်များချမှတ်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၂၀၃၀) ၏ ပန်းတိုင် (၃) ဖြစ်သည့် ကျန်းမာရေးနှင့် လူမှုဘဝကောင်းမွန်ရေး (Good Health and Well-being) အား ဖော်ဆောင်နိုင်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးအား ပြည့်မီရန်အတွက် အထောက်အကူပြုမည့် စားသုံးဆီနှင့်ပတ်သက်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ထားရှိပါသည်။

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က ၂၀၂၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် အမိန့်အမှတ် ၂/၂၀၂၄ ဖြင့် ရောနှောဆီ (Blended Oil) အဖြစ် အစားအသောက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်အချက်များကို ထုတ်ပြန်ခဲ့သည်။ ယင်းညွှန်ကြားချက်အရ ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil) အဖြစ် ရောစပ်ရာတွင် အမျိုးအစား (၂)မျိုးသာ ရောစပ်ရမည်ဖြစ်ပြီး ဟင်းသီးဟင်းရွက်ဆီတစ်မျိုးသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်း ပါဝင်ရမည်ဖြစ်သည်။ ထို့အပြင် အနံ့တုများ ထည့်သွင်းခြင်းမပြုရသည့်အပြင် တိရစ္ဆာန်အဆီနှင့် ဝါစေ့ဆီကြမ်းတို့ကို ရောနှောဆီအဖြစ် အသုံးပြုခွင့်မပြုကြောင်း ညွှန်ကြားထားပြီးဖြစ်သည်။

ယင်းညွှန်ကြားချက် မထွက်ရှိမီအချိန်က စားသုံးဆီများကို သင့်သလို ရောနှောခဲ့သဖြင့် ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်သော်လည်းကောင်း၊ စီးပွားရေးရှုထောင့်မှ ကြည့်လျှင်သော်လည်းကောင်း စိန်ခေါ်မှုများ၊ ပြဿနာများရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ကျန်းမာရေးရှုထောင့်အရဆိုရလျှင် ပြည့်ဝဆီနှင့် မပြည့်ဝဆီများအား အထိန်းအကွပ်မဲ့ ရောစပ်ခြင်းအားဖြင့် မည်သည့်ဆီ မည်သည့်ပမာဏ ပါဝင်နေသည်ကို မသိရှိနိုင်ပေ။ ပြည့်ဝဆီများ ပိုမိုပါဝင်သော စားသုံးဆီများကို ပြန်ကြော်ဆီများအဖြစ် အသုံးပြုမိလျှင် အထက်တွင်ဖော်ပြခဲ့သော ကျန်းမာရေးဆိုးကျိုးအမြောက်အမြား ဖြစ်ပေါ်နိုင်ပေသည်။ စီးပွားရေးရှုထောင့်မှ ကြည့်လျှင်လည်း စားအုန်းဆီကဲ့သို့သောဆီများကို ဓာတုအနံ့များထည့်ကာ ပဲဆီ၊ နှမ်းဆီဟု စားသုံးသူများအား လိမ်ညာရောင်းချခြင်းမှ ၎င်းဆီ၏ တန်ဖိုးသည် ပဲဆီ၊ နှမ်းဆီအစစ်များကဲ့သို့ မြင့်မားလာသည့်အတွက် Shadow Inflation ကို ဖြစ်ပေါ်စေမည်ကို တွေ့ရှိရသည်။ ၎င်းတို့ကို ထိန်းချုပ်တားဆီးနိုင်ရေးအတွက် ယခုထုတ်ပြန်လိုက်သည့် အမိန့်ကြော်ငြာစာသည် ထိရောက်မှုအပြည့်အဝရှိသည့် ညွှန်ကြားချက်တစ်ရပ်ပင်ဖြစ်သည်။ ခေတ်စနစ်နှင့်ညီသော အပြစ်ပေးအရေးယူမှုများလည်း ထည့်သွင်းထားသည်ဖြစ်ရာ စားသုံးဆီထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူများအနေဖြင့် တိတိကျကျလိုက်နာဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းပါဝင်သင့်ပေသည်။ သတိမမူဂူမမြင် ပြုလုပ်နေပါက တိကျပြင်းထန်သည့် အရေးယူမှုများ ချမှတ်ခံရနိုင်သည်ကို သတိချပ်သင့်ပေသည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် စားသုံးဆီသည် ပြည်သူများ၏ ကျန်းမာရေးအခန်းကဏ္ဍတွင်သာမက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင်ပါ အဓိကမဏ္ဍိုင်အဖြစ် ပါဝင်နေသည့်အတွက် ၎င်းမဏ္ဍိုင် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပေသည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း ယခုကဲ့သို့သော ညွှန်ကြားချက်များ အခါအားလျော်စွာထုတ်ပြန်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား ပညာပေးခြင်း၊ စားသုံးသူပညာပေးခြင်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်သလို စီးပွားရေးလုပ်ငန်းရှင်များကလည်း အမျိုးသားရေးတာဝန်အသိဖြင့် လိုက်နာကျင့်သုံး ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။ ထို့အပြင် စားသုံးသူများကလည်း မှန်ကန်သောအသိ၊ သတိတို့ဖြင့် ချင့်ချိန်ရွေးချယ်စားသုံးတတ်သည့် အလေ့အကျင့်ဖြစ်ထွန်းလာရေး တစ်ဦးချင်းစီ ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။ သို့မှသာ မဝေးတော့သည့်အနာဂတ်၌ စားသုံးသူအခန်းကဏ္ဍတွင် နိုင်ငံတော်၊ နိုင်ငံသားနှင့် စီးပွားရေးလုပ်ငန်းရှင်များ သုံးဦးသုံးဖလှယ် အကျိုးရှိလာနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# သီးနှံအာမခံလုပ်ငန်းဆိုင်ရာ အသိပညာပေး

**တောင်ကြီး ဇွန် ၁၆**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က ကျင်းပရာ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့် မိုင်းသော်အရှေ့ကျေးရွာအုပ်စု မိုးစပါးစိုက်တောင်သူ ၁၇၀ တို့အား မြန်မာ့အာမခံလုပ်ငန်း၊ ရှမ်းပြည်နယ်ရုံးမှ ပြည်နယ်တာဝန်ခံ ဒေါ်သီတာအေးက ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် တောင်သူများအား ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်ရုံး မြန်မာ့အာမခံလုပ်ငန်းနှင့် တောင်ကြီးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**တောင်ကြီး(ကိုယ်ပွား)**



## အီရန်နိုင်ငံ၏ နောက်ထပ်တိုးချဲ့မည့် နျူကလီးယားအစီအစဉ်ကို ပြစ်တင်ရှုတ်ချကြောင်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ ပူးတွဲကြေညာချက်ထုတ်ပြန်




**ပါရီ ဇွန် ၁၆**
ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့သည် အီရန်နိုင်ငံ၏ နောက်ထပ်တိုးချဲ့မည့် နျူကလီးယားအစီအစဉ်ကို ပြစ်တင်ရှုတ်ချသည့် ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အီရန်နိုင်ငံက နိုင်ငံအလယ်ပိုင်းဒေသ နာတန်ဇ်နှင့် ဖော်ဒိုးဒေသများတွင် နောက်ထပ်ဗဟိုခွာအားလှည့်စက်ကိရိယာများ တပ်ဆင်မည့်အစီအစဉ်နှင့် ပတ်သက်ပြီး အသိပေးအကြောင်းကြားထားကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) က ၎င်း၏ အဖွဲ့ဝင်များကို ပြောသည်။

ထို့ပြင် ဖော်ဒိုးစက်ရုံမှာ ဗဟိုခွာအားလှည့်စက်ကိရိယာများ တပ်ဆင်ခြင်းကို စတင်ခဲ့ကြောင်း အိုင်အေအီးအေက ပြောသည်။ အီရန်နိုင်ငံ၏ လုပ်ဆောင်မှုများက JCPoA ၏ကန့်သတ်ချက်များကို သိသိသာသာကျော်လွန်နေပြီးဖြစ်သော သန့်စင်ယူရေနီယံသိုလှောင်မှုပမာဏနှင့် သန့်စင်မှုစွမ်းရည်များကို ထပ်မံတိုးလာစေမည်ဖြစ်ကြောင်း အဆိုပါသုံးနိုင်ငံက စနေနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

JCPoA သည် ၂၀၁၅ ခုနှစ်က အီရန်နိုင်ငံနှင့် ချုပ်ဆိုထားသော ပူးတွဲဘက်စုံလုပ်ဆောင်မှုအစီအစဉ်ဖြစ်သည်။ ၂၀၁၅ ခုနှစ် သဘောတူညီချက်မှ အမေရိကန်နိုင်ငံက တစ်ဖက်သတ်ရုပ်သိမ်းလိုက်သော ၂၀၁၈ ခုနှစ် မေလနောက်ပိုင်း အီရန်နိုင်ငံသည် သန့်စင်မှု ၆၀ ရာခိုင်နှုန်းအထိရှိသော ယူရေနီယံများကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ယင်းက သတ်မှတ်ထားသော ကန့်သတ်ချက်ထက် များစွာကျော်လွန်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံ၌ မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ ကန့်သတ်ချက်များကို ၂၀၂၅ ခုနှစ်တွင် ဖယ်ရှားမည်

**ကိုလံဘို ဇွန် ၁၆**
သီရိလင်္ကာအာဏာပိုင်များသည် ၂၀၂၅ ခုနှစ်တွင် မော်တော်ယာဉ်တင်သွင်းမှုအပေါ် ကန့်သတ်ချက်များကို ဖြေလျှော့ရန် ကနဦးလမ်းပြမြေပုံတစ်ရပ်ကို ရေးဆွဲခဲ့ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အိုင်အမ်အက်ဖ်ထုတ်ပြန်ချက်ကို ဒေသတွင်းမီဒီယာများက ဇွန် ၁၄ ရက်တွင် ဖော်ပြသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အဆိုအရ အဆိုပါအစီအစဉ်ကို ၂၀၂၄ ခုနှစ် တတိယသုံးလပတ်တွင် အများပြည်သူသုံး ခရီးသည်တင်ယာဉ်များနှင့် အထူးတင်သွင်းခွင့်ပြုသည့် ယာဉ်များဖြင့် စတင်မည်ဖြစ်ပြီး ယခုနှစ် စတုတ္ထသုံးလပတ်တွင် ကုန်စည်သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် စတင်မည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ မော်တော်ယာဉ်များအားလုံးကို တင်သွင်းခွင့်ကန့်သတ်ချက်များ အပြီးအပိုင် ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သီရိလင်္ကာသည် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ၏ နောက်ဆက်တွဲ စီးပွားရေးအကျပ်အတည်းကြောင့် မော်တော်ယာဉ်တင်သွင်းခွင့်ကို ပိတ်ပင်ခဲ့မှုနှင့်အတူ ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ ကုန်ပစ္စည်း ၁၄၆၅ မျိုး တင်သွင်းမှုကို ကန့်သတ်ခဲ့သည်။ ထို့ကြောင့် တရားဝင်အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၏ စုစုပေါင်းသွင်းကုန်အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော်ရှိပြီး ၂၀၂၀ ခုနှစ်ကထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂါဇာစစ်ပွဲအတွင်း ကလေးခြောက်သိန်းကျော် ပညာသင်ကြားခွင့်မရဟုဆို

**ဂါဇာ ဇွန် ၁၆**
ဂါဇာကမ်းမြောင်ဒေသ၌ ပညာသင်ကြားခွင့်မရရှိသည့် ကလေးငယ်ပေါင်း ၆၂၅၀၀၀ ခန့်ရှိပြီး ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခများကြောင့် ကျောင်းများလည်း ပိတ်ထားရကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက ဇွန် ၁၅ ရက်က ထုတ်ပြန်သည်။

အရှေ့ဘက်ခြမ်းရှိပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီက ပါလက်စတိုင်းကလေးငယ်များအား သင်ကြားမှုပြန်လည်စတင်နိုင်ရန် ကူညီပေးနေသော်လည်း ယခုအခြေအနေမှာ လုံလောက်မှုမရှိဘဲ အပစ်အခတ်ရပ်စဲရေး မဖြစ်မနေလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ကလေးများသည် ပဋိပက္ခများနှင့် စစ်ပွဲများတွင် အဆိုးရွားဆုံး ခံစားနေကြရပြီး ၎င်းတို့ထဲမှ အများအပြားမှာ သေဆုံး၊ ဒဏ်ရာရရှိကာ အများစုမှာ တစ်သက်တာ ဒဏ်ရာစွဲကျန်ခံစားရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ဇွန် ၁၄ ရက်အထိ ပါလက်စတိုင်းသေဆုံးသူ ၃၇၂၉၆ ဦးအထိ တိုးလာနေပြီး ၈၅၁၉၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဟားမားစ်အဖွဲ့မှ ကျန်းမာရေးအာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**



## ဂါဇာတောင်ပိုင်းဒေသအချို့၌ နေ့စဉ်စစ်ရေးလှုပ်ရှားမှု ရပ်နားကြောင်း အစ္စရေးထုတ်ပြန်ကြေညာ

**ဂျေရုဆလင် ဇွန် ၁၆**
အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိုမိုခွင့်ပြုနိုင်ရန် နေ့ဘက်အချိန်များတွင် ဂါဇာတောင်ပိုင်းဒေသအချို့၌ စစ်ရေးလှုပ်ရှားမှုများ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ရာဖာမြို့တွင် စစ်ရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့သည် နောက်ထပ်ကြေညာချက် မထုတ်ပြန်မချင်း နေ့စဉ် နံနက် ၈ နာရီမှ ည ၇ နာရီအထိ စစ်ဆင်ရေးများကို ရပ်နားသွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် အစ္စရေးစစ်ဘက်တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။

အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများက နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရန် ခက်ခဲစေသောကြောင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရာတွင် ကြန့်ကြာလျက်ရှိကြောင်း ကုလသမဂ္ဂက ပြောသည်။ ဂါဇာကမ်းမြောင်ရှိ အရပ်သားများမှာ ငတ်မွတ်ခေါင်းပါးမှု ဆိုးရွားသည့် အဆင့်များနှင့် ဆက်လက် ရင်ဆိုင်ရလျက်ရှိကြောင်း၊ ကလေးငယ် ၅၀၀၀၀ ကျော်မှာ ပြင်းထန်အာဟာရချို့တဲ့မှုအတွက် ဆေးဝါးကုသမှုခံယူရန် လိုအပ်ကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီက စနေနေ့တွင် ပြောသည်။

ရာဖာနှင့် ဂါဇာမြို့မြောက်ပိုင်းကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း ပါလက်စတိုင်းမီဒီယာများက တနင်္ဂနွေနေ့တွင် ပြောသည်။ **အင်န်အိတ်ချ်ကေ**



## တရုတ်နိုင်ငံမြောက်ပိုင်း၌ တောင်ပေါ်မီးလောင်မှုကို မိုးတုဖြင့် ငြိမ်းသတ်

**ရှန်းစီ ဇွန် ၁၆**
တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းစီပြည်နယ်၌ တောင်ပေါ်မီးလောင်မှုကို ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မိုးတုရွာခြင်းအပါအဝင် မီးသတ်သမားများက လေးရက်ကြာ ကြိုးစားငြိမ်းသတ်ပြီးနောက် ဇွန် ၁၆ ရက်တွင် အပြီးတိုင် ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတောင်ပေါ်မီးလောင်မှုကို မီးသတ်သမား ၂၂၀၀ ကျော်ပါဝင်ငြိမ်းသတ်ခဲ့ပြီး စက်ယန္တရားကြီး ၆၃ ခု၊ မီးသတ်ကား ၈၈ စီးတို့ဖြင့် ငြိမ်းသတ်ခဲ့သည်ဟု လင်ဖန်မြို့ အရေးပေါ်တုံ့ပြန်ရေးဌာနက ပြောသည်။ မတ်စောက်သည့်တောင်စောင်းများတွင် မီးငြိမ်းသတ်ရသည့်အခါ မြင့်မားသည့်အပူချိန်၊ ရာသီဥတုဆိုးရွားခြင်းတို့နှင့် မီးသတ်သမားများ ကြုံတွေ့ခဲ့ရသည်။

ဒေသဆိုင်ရာအာဏာပိုင်များက ဇွန် ၁၅ ရက် ညနေပိုင်းတွင် တိမ်မျိုးစေ့များကြဲချခြင်းလုပ်ငန်း လုပ်ဆောင်ကာ မိုးတုရွာချခြင်းဖြင့် တောင်ပေါ်မီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး ကြိုးပမ်းခဲ့ကြသည်။ မီးလောင်မှုကို လုံးဝငြိမ်းသတ်ပြီးနောက် ဇွန် ၁၆ ရက်မွန်းလွဲပိုင်းတွင် မီးသတ်သမားများက ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

**ဆင်ဟွာ**

## မီချီဂန်ရေပန်းဥယျာဉ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ကိုးဦး ထိခိုက်ဒဏ်ရာရရှိ

**ချီကာဂို ဇွန် ၁၆**
အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ် ဒက်ထရွိုက်မြို့မြောက်ပိုင်းရှိ ရေပန်းဥယျာဉ်တစ်ခုတွင် စနေနေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ကိုးဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားချိန်မှာ ညနေ ၅ နာရီခန့်တွင်ဖြစ်ကြောင်း အော့ကလန်ဒေသအရာရှိ မိုက်ကယ်ဘော်ချတ်က စနေနေ့ညနေပိုင်း သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ သေနတ်ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ကိုးဦး သို့မဟုတ် ၁၀ ဦးခန့်ရှိနိုင်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများမှာ အသက်ငယ်ရွယ်သူများဖြစ်ကြောင်း ၎င်းက ပြောသည်။

သံသယရှိသူကို ပန်းခြံနှင့် မိုင်ဝက်ခန့်ဝေးကွာသည့် နေအိမ်တစ်အိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ဘော်ချတ်က ပြောသည်။ ရဲတပ်ဖွဲ့သည် အခင်းဖြစ်ပွားသည့်နေရာ၌ ပစ္စတိုသေနတ်တစ်လက်နှင့် ကျည်ကတ်သုံးခု သိမ်းဆည်းရမိခဲ့ကြောင်း ပြောသည်။

**ဆင်ဟွာ**

# ကယားပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ရေး ပြည်နယ်၊ မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့များနှင့် တွေ့ဆုံ

**လွိုင်ကော် ဇွန် ၁၆**

ကယားပြည်နယ်အတွင်း မြို့များ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်၊ မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က ပြည်နယ်စည်ပင်သာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ရေး၊ စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်အတွက် လူအင်အားစုဖွဲ့မှု၊ ယာဉ်စက်ယန္တရားစုဖွဲ့မှုများနှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ပြည်သူများ စိတ်အေး ချမ်းသာစွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ဈေးအသစ်တည်ဆောက်နေစဉ် ကာလအတွင်း ယာယီဈေးအား စည်းကမ်းတကျဖြင့် အမြန်ဆုံး ဖွင့်လှစ် ရောင်းချနိုင်ရေး မှာကြားခဲ့သည်။

ထို့နောက် ခေတ္တပြည်နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိကစည်ပင်သာယာရေးအဖွဲ့၏ လက်ရှိစည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူ/ယာဉ်ယန္တရားစုဖွဲ့ထားရှိမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ



သည် ကယားပြည်နယ်အတွင်း မြို့များ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်း များ ဆောင်ရွက်နိုင်ရေး အတွက် လူနှင့် ယာဉ်စက်ယန္တရား စုဖွဲ့ထားရှိမှု၊ယာဉ်များ ကြံ့ခိုင်မှုနှင့် အသုံးပြုနိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်နှင့် ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

**ပြည် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် ယမန်နေ့က ပြည်မြို့နယ်နှင့် ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီ



ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် တီတွတ်ကျေးရွာအနီးရှိ ပြည်မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး ရှင်းလင်းဆောင်၌ တိရစ္ဆာန်အမျိုးအစားအလိုက် မြေနေရာခွဲဝေချထားမှု၊ မွေးမြူရေးခြံများ ဆောက်လုပ်နေမှု၊ မွေးမြူနေမှုတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြေလပ်များတွင် တိရစ္ဆာန်အစာ နေပီယာမြက်စိုက်ပျိုးရန်၊ ခြံလှောင်မွေးမြူသည့်စနစ်ဖြစ်၍ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာထုတ်လုပ်သွားရန်၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု မရှိစေရေး အပတ်စဉ်စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်သွားရန်၊ ဒေသကြက်နှင့် အသားစား/ဥစားကြက်များ တိုးချဲ့မွေးမြူသွားရန်၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ဂန္ဓမာစက်မှုဇုန်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဦးအောင်ဇင်မင်း၏ ပဲအမျိုးမျိုးခြွေလှေ့စက် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ နဝဒေးရပ်ကွက်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လက်ဆွဲကောက်စိုက်စက် အောင်မြင်စွာထုတ်လုပ်ပြီး မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချလျက်ရှိသော ရွှေဝါထွန်းကုမ္ပဏီ၏ အလုပ်ရုံသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် အင်ဂူကျေးရွာအုပ်စု၌ ယခင်တစ်နှစ်တစ်သီးစိုက်လယ်မြေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မိရိုးဖလာ စိုက်နည်းစနစ်မှ ခေတ်မီစိုက်နည်းစနစ် ပြောင်းလဲပေးခြင်း၊ သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲပေးနိုင်ခြင်းနှင့် သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် စံပြကွက်များ စိုက်ပျိုးပြသခဲ့မှုကြောင့် ဒေသခံတောင်သူများမှ တစ်နှစ်နှစ်သီး အောင်မြင်စွာ စိုက်ပျိုးလုပ်ကိုင်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဝါအမျိုးအစားခွဲဝယ်ယူရောင်းဝယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကျောက်ဆည် ဇွန် ၁၆**

ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဝါ Grade ခွဲဝယ်ယူရောင်းဝယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်က ဝါလုပ်ငန်းရှင်များမှ ဝယ်ယူရာ၌ ဝါအရည်အသွေးအရ အမျိုးအစား Grade ခွဲခြားဝယ်ယူပေးရန်နှင့် တောင်သူများမှလည်း ဝါကောက်သိမ်းရာ၌ ဝါအရည်အသွေးကောင်းမွန်စေရန် စနစ်တကျ နေလှန်းသိုလှောင် ရောင်းချသွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝါလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က ဝါသီးနှံစိုက်ကေများ ကျဆင်းမသွားစေရန် အစိုးရဌာနအနေဖြင့် သွင်းအားစုများ ပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ ဝါမျိုးမကောင်းပါက ဝါဂွမ်းအရည်သွေးမကောင်းဘဲ ဈေးနည်းသဖြင့် မိမိတို့ကုန်သည်များကလည်း ဝါမျိုးကောင်းရရှိရေးအတွက် ဥဇဘက်ကစ္စတန်နိုင်ငံနှင့် ပူးပေါင်း၍ ဝါမျိုးသစ် ၁၃ မျိုးကို စမ်းသပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေကြောင်း ပြောကြားပြီး ဝါကြိတ်လုပ်ငန်းရှင် ဦးအောင်သန်းက ပြည်တွင်းဝါဂွမ်း ရောင်းချရာ၌ Exporter များမှတစ်ဆင့်သာ ရောင်းချနေရသဖြင့် ၎င်းတို့၏ဈေးနှုန်း အရသာ ဝါ၊ ဂွမ်းဈေးနှုန်း အပြောင်းအလဲဖြစ်နေကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် တံတားဦးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မြစ်သားမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်မှ တောင်သူများက အခက်အခဲများကို ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က ဝါကြိတ်ခုံများ အသစ်တပ်ဆင်ရာ၌ လိုင်စင်ပြုလုပ်၍ ဆောင်ရွက်သွားရန်နှင့် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံက ဆီကြိတ်ဝါစေ့များကို Export ပြုလုပ်လိုပါက လုပ်ငန်း



ရှင်များစု၍ လျှောက်လွှာတင်သွင်းနိုင်ပြီး GACC နည်းလမ်းဖြင့် ဆောင်ရွက်၍ ရကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ဦးစီးမှူး ဦးချစ်ဆွေဦးက ဌာနက မျိုးဝါစေ့များ အခမဲ့ ဖြန့်ဝေပေးခြင်းနှင့် အကျိုးတူမျိုးစေ့ထုတ်တောင်သူများအား ယူရီးယားဓာတ်မြေသြဇာများကို အစိုးရဈေးနှုန်းဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

**မောင်ကျော်ကြီး**

## နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာမှ နေအိမ် ၄၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၁၆**

မကွေး တိုင်းဒေသကြီး နတ်မောက်မြို့နယ် ဖက်တောရေကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၃ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ် ၄၀ ခန့် မီးလောင် ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက် မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်လှုံ့ဆော်နေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖက်တောရေကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ငွေကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ လုပ်ဆောင်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၁ ရက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ ဖက်တောရေကျေးရွာနှင့် မီတာ ၅၀၀ ခန့် အကွာတွင် အကြမ်းဖက်သမားများ၏ ယာယီတဲစခန်း နှစ်ခုအား တွေ့ရှိပြီး ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်သမားများမှ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည့်အတွက် အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက် ဒဏ်ရာများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းအတွင်းမှ လက်လုပ်မိုင်းများနှင့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းအချို့ကို တွေ့ရှိရသည့်အတွက် ပြည်သူများ အန္တရာယ်မဖြစ်ပွားရေးအတွက် စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ရကြောင်းနှင့် ဖက်တောရေကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP)" ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ PFP အစီအစဉ်သည် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် Short Code နံပါတ် "1111" မှတစ်ဆင့် SMS ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် SMS များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



ဂျပန်ကုမ္ပဏီများ၏ခေါ်ယူမှုဖြင့် မြန်မာအလုပ်သမားအချို့ ထွက်ခွာသွားမှုကို ၂၀၂၃ ခုနှစ်က တွေ့ရစဉ်။

## ဆီဆိုင်မြို့၌ ဝန်ထမ်းအိမ်ရာ ရာနှုန်းပြည့်ပြန်လည်ပြင်ဆင်ပြီးဖြစ်၍ ဝန်ထမ်းများအား ပြန်လည်နေရာချထားပေး

**ဆီဆိုင် ဇွန် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လေးထပ်တိုက်ဝန်ထမ်းအိမ်ရာအဆောက်အအုံ နှစ်လုံး ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပြန်လည်နေရာချထားပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါနေရာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ ဒေသဦးစီးမှူး ဒေါ်သီတာသန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက နမောတဿသုံးကြိမ်ရွတ်ဆို၍ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ဆောက်တည်ကြကာ သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။ **(အောက်ပုံ)**ထို့နောက် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။





ယင်းနောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆီဆိုင်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ဝန်ထမ်းအိမ်ရာရှိ တိုက်ခန်းများအလိုက် ပြန်လည် နေရာချထားရေးလုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဝန်ထမ်းအိမ်ရာ စိမ်းလန်းစိုပြည်စေရန်အတွက် အရိပ်ရသစ်ပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

နေမင်း (ဆီဆိုင်)

## ဂျပန်ကုမ္ပဏီ ၃၆၀ ကျော်က မြန်မာအလုပ်သမား ၁၅၀၀ ကျော် ခေါ်ယူမည်

**ရန်ကုန် ဇွန် ၁၆**

ဂျပန်ကုမ္ပဏီ ၃၆၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၅၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန်ထားသည်။

မြန်မာသံရုံးအနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာလက်ခံရရှိသည့် ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မေ ၇ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၆၉ ခုနှင့်ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်ထားခြင်းဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်အရ ဂျပန်ကုမ္ပဏီ ၃၆၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၅၀၀ ကျော်၊ အမျိုးသမီး ၁၀၀၀ ကျော် စုစုပေါင်းဦးရေ ၁၅၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း၊ မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/ မရှိ စာရွက်စာတမ်းအထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ပြီးခဲ့သည့် မေ ၃၁ ရက်က ထုတ်ပြန်ခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၀၀ ကျော်နှင့်ပတ်သက်၍ အချက်အလက်များကို အသိပေးထုတ်ပြန်ခဲ့ရာတွင်လည်း မြန်မာအလုပ်သမားဦးရေ ၁၃၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။

MT

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၃၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ဆိုင်းဘုတ်တင်ပွဲကို ဇွန် ၁၅ ရက်က ဝါးခယ်မမြို့ ဈေးရပ်ကွက်၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက် (မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ) နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဟိန်းထက်လင်း (ပြန်/ဆက်)

### သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး

